# ရှမ်းပြည်နယ်လွှတ်တော်

## လွှတ်တော်သတင်းလွှာ

*Shan State Hluttaw Bulletin*

၁၃၇၉ခုနှစ် ၊ တော်သလင်းလဆန်း(၇) ရက် ၊  ၂၈ . ၈ . ၂၀၁၇၊ အတွဲ(၁)၊ အမှတ်(၈)








ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေးကို(၆. ၆. ၂၀၁၇)ရက်နေ့မှ (၈. ၆. ၂၀၁၇) ရက်နေ့အထိ စုစုပေါင်း(၃)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ် (၁၃၁) ဦး တက်ရောက်ခဲ့ပါသည်။




ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မှ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးကျင်းပနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း ၄၂ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပြီး၊ အဆို ၁ ခု တင်သွင်းခဲ့ရာ မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာစိစစ်ရေး ကော်မတီနှင့် ရှမ်းပြည်နယ် တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီတို့ကို အစားထိုး ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက်ရယူခဲ့ပါသည်။ ဆက်လက်၍ ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းနိုင်ခဲ့ပါသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၆)ဦးနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ကတိသစ္စာပြုကြပါသည်။



အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ ကတိသစ္စာပြုနေစဉ်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ နှုတ်ခွန်းဆက်စကားပြောကြားခြင်း




ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးကို ယခုလို ကျန်းမာရွှင်လန်းစွာဖြင့် တက်ရောက်လာကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်နယ် အကျိုးနဲ့ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံ ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်တင်မြှောက်ပွဲမှာ အနိုင် ရရှိပြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဖြည့်စွက်ခန့်ထားခြင်း ခံရသည့် မြို့နယ်မဲဆန္ဒနယ်များမှပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ အစားထိုးပြောင်းလဲခန့်ထားတဲ့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များကို ရှမ်းပြည်နယ်လွှတ်တော်က နွေးထွေးစွာ ကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ယခုကျင်းပမည့် ဆဋ္ဌမ ပုံမှန်အစည်းအဝေးမှာ ပဉ္စမပုံမှန်အစည်းအဝေးကာလမှ မေလ ၂၆ ရက်နေ့အထိ လက်ခံ ရရှိထားသည့် ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း (၄၂)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်မှာဖြစ်သလို မေလ ၁၉ ရက်နေ့အထိ လက်ခံရရှိတဲ့ အဆို ၁ ခုကို အဆို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများဟာ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၁၊ နည်းဥပဒေခွဲ (က)မှ(ဆ)အထိပါ ကန့်သတ်ချက်များ၊ နည်းဥပဒေ ၁၀၂ ၊ နည်းဥပဒေခွဲ (က)မှ(ည)အထိပါ စည်းကမ်းချက်များနှင့် ညီညွတ် ရမှာဖြစ်သလို အဆိုများသည် နည်းဥပဒေ ၁၁၈၊ နည်းဥပဒေခွဲ (က)မှ(ဃ)အထိပါ ကန့်သတ်ချက်များနဲ့ လည်းကောင်း၊ နည်းဥပဒေ ၁၁၉ ၊ နည်းဥပဒေခွဲ (က)မှ(ဇ)အထိပါ စည်းကမ်းချက်များနှင့် လည်းကောင်းအညီဖြစ်ဖို့လိုမှာဖြစ်ကြောင်းထပ်လောင်းပြောကြားလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး ၅ ကြိမ်နဲ့ အရေးပေါ်အစည်းအဝေး ၁ ကြိမ်ကျင်းပပြီးစီးရာမှာအများပြည်သူနဲ့ သက်ဆိုင်တဲ့ ဥပဒေ ၃ ခုနဲ့ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာနှင့် ဒေသန္တရစီမံကိန်းဥပဒေ ၄ ခု ပြဋ္ဌာန်းနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် များက ဥပဒေပြုခွင့်ရှိသော ဇယား ၂ ပါ ဥပဒေများထဲက ရေးဆွဲနိုင်တဲ့ ဥပဒေ ဒါမှမဟုတ် ပြင်ဆင်နိုင်တဲ့၊ ပြင်ဆင်သင့်တဲ့ ဥပဒေတွေကို လွှတ်တော်ကိုယ်စားလှယ်က တာဝန်တစ်ရပ်အနေနဲ့ ဝီရိယစိုက်ထုတ်ပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။

လွှတ်တော်ဘက်က ဒီဥပဒေတွေကို ပြင်ဆင်ခြင်းမပြုနိုင်သမျှ အုပ်ချုပ်ရေးပိုင်းက ရှိပြီးသား ဥပဒေကိုဘဲ ကျင့်သုံးရတာဖြစ်တဲ့အတွက် ဒီဥပဒေများဟာ ပြည်သူအတွက် အံဝင်ခွင်ကျ မဖြစ်ဘူး ဆိုရင် ပြည်သူလူထုကို ဒုက္ခပေးသလိုဖြစ်နိုင်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များဟာ ဥပဒေပညာရှင်များ မဟုတ်ပေမဲ့ လေ့လာမှု အားနဲ့ Capacity Building က ရရှိတဲ့ အသိပညာနဲ့ပေါင်းစပ်ပြီး ဥပဒေပြုရေးဆွဲရမှာဖြစ်သလို တစ်ဘက်ကလည်းဘဲ ဥပဒေပြုရေး ဆိုင်ရာကော်မတီရဲ့ အကူအညီနဲ့ဆောင်ရွက်ရကြောင်း တင်ပြလို ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု လွှတ်တော် နာယကက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနဲ့ ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ MPU အစည်းအဝေးကို ဒီဒုတိယအကြိမ် သက်တမ်းကာလမှာဆိုရင် အစည်းအဝေး ၆ ကြိမ်ကျင်းပပြီးဖြစ်ပါတယ်။ MPU အစည်းအဝေးရဲ့ ဆွေးနွေးချက်၊ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက် တို့ဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများကို ပြည်ထောင်စုလွှတ်တော်ရုံးဖွဲ့စည်းပုံမှာထည့်သွင်းပြီးတော့မှ သီးခြား ရုံးဝန်ထမ်းအဖြစ် ၁-၄-၂၀၁၇ ရက်နေ့မှစတင် ဖွဲ့စည်းပြီး ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ယခုအခါ လွှတ်တော်ရုံးဝန်ထမ်းများ ပြင်ဆင် ဖွဲ့စည်းခြင်း၊ ဌာနကူးပြောင်းခြင်း၊ ထပ်မံ ဖြည့်စွက်ခန့်ထားခြင်းစတဲ့ အစီအမံများကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ လွှတ်တော်ရေးရာ ကော်မတီများဟာ လိုအပ်ချက်အရ သက်ဆိုင်ရာဒေသအထိ ကွင်းဆင်း ဆောင်ရွက် တာတွေရှိပါတယ်။ ကွင်းဆင်း တွေ့ရှိချက်နဲ့ သုံးသပ်ချက်ပါ အစီရင် ခံစာများကို လွှတ်တော်သို့ ပြန်လည်တင်ပြရာမှာ အချို့ အစီရင်ခံစာကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံသို့ လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ဖို့အတွက်ပေးပို့လျက်ရှိပါတယ်။ ပြည်သူတစ်ဦး သို့မဟုတ် ပြည်သူအများအတွက် တင်ပြစာကို လွှတ်တော်က အလေးအနက် ထားပြီး ဆောင်ရွက်ပေးထားတာမျိုးဖြစ်ပြီး အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံခန့်ခွဲရေးတာဝန်ကို ဝင်ရောက် စွက်ဖက်ခြင်း မဟုတ်ကြောင်း ပြောကြားလိုပါတယ်။ တင်ပြချက်များနဲ့ တိုင်ကြားချက်များအားလုံးရဲ့ လိုအင်များအားလုံးကို တစ်ပြိုင်တည်း ရာနှုန်းပြည့် ဖြေရှင်းဆောင်ရွက်နိုင်သည့် အနေအထားမျိုး မရှိနိုင် သော်လည်း ဆောင်ရွက်ပေးနိုင်သည့်ကိစ္စများကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ ဒီမိုကရေစီကျင့်စဉ် ထာဝစဉ်ရှင်သန် ခိုင်မာစေဖို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမှာ တာဝန် ရှိပါတယ်။ အနာဂတ်မြန်မာ့ဒီမိုကရေစီလူ့ဘောင်ကို ရှင်သန် ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြရမည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်တဲ့အတွက် လွှတ်တော်ရဲ့ အခန်းကဏ္ဍကို အမြဲတမ်းပုံရိပ် ကောင်းအောင် ဖော်ဆောင်ပေးရမှာဘဲဖြစ်ပါတယ်။ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ကြုံတွေ့ရတဲ့ အမြင် အမျိုးမျိုး၊ ရှုဒေါင့်အမျိုးမျိုးမှ မတူကွဲပြားမှုများအပေါ် တစ်ဆက်တည်း၊ တစ်သားတည်းဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ လိုပါတယ်။ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် မတူညီမှုများကို ၎င်း၏ ဇစ်မြစ် များကို ရှာဖွေပြီး အတိုက်အခံဖြစ်မှု၊ပဋိပက္ခဖြစ်မှုများကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ အပြန်အလှန်ထိန်းညှိမှုမဟုတ်သော အချင်းချင်း အားပြိုင်မှုသို့ ရှေးရှုသည့် စိန်ခေါ်မှုမျိုးကို ရှောင်ရှားနိုင်ကြမှာ ဖြစ်သလို ညှိနှိုင်းဆွေးနွေးရာမှရရှိသော ဆုံးဖြတ်ချက်များနှင့် ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် တရားဥပဒေ စိုးမိုးရေး Rule of Law ကို ဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်တာဝန်များကို တက်ကြွစွာ ဆောင်ရွက်နိုင်ကြပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်နိုင်ရေးကျရာ အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်းနှုတ်ခွန်းဆက်သလိုက်ပါတယ်။

People's Voice,
Hluttaw's Voice
People's Will,
Hluttaw's Will
People's Expectation,
Hluttaw's Implementation

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းမှုနှင့် ဖြေကြားမှုအခြေအနေ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း ၄၂ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ ကြယ်ပွင့်ပြမေးခွန်းအားဖြေကြားနေစဉ်



မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမှ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းနေစဉ်



လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ကြယ်ပွင့်ပြ မေးခွန်းအားဖြေကြားနေစဉ်



ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမှ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းနေစဉ်



ဘဏ္ဍာရေးဝန်ကြီး၊ ဦးစိုင်းရဲန်တစ်လုံမှ ကြယ်ပွင့်ပြ မေးခွန်းအားဖြေကြားနေစဉ်



သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ဒေါ်နန်းခင်ထားရီမှ ကြယ်ပွင့်ပြမေးခွန်းအားမေးမြန်းနေစဉ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၇. ၆. ၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စား ကျွန်တော် ဒေါက်တာညီညီအောင်မှ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥပဒေ(မူကြမ်း)စာအုပ်များကိုလည်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။



သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး
ဒေါက်တာညီညီအောင်မှ ဥပဒေကြမ်းတင်သွင်းနေစဉ်

ပထမဆုံး မာတိကာစာမျက်နှာတွင် နိဒါန်းနှင့် အခန်း (၇)ခန်း ထည့်သွင်းရေးဆွဲထားပါတယ်။ နိဒါန်းမှာ ဒီဥပဒေရေးဆွဲပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြပေးထားပါတယ်။ ရည်ရွယ်ချက်ကတော့ ပြည်နယ်အတွင်းမှာ မြန်မာ့ကျောက်မျက်ရတနာအချောထည် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တကျရှိစေရေးအတွက် ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။

အခန်း (၁)မှာ ပုဒ်မနှစ်ခုထည့်သွင်းရေးဆွဲထားပါတယ်။ အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် ပုဒ်မ ၁ ကတော့ ဥပဒေ၏ အမည်ကို ဖော်ပြထားပါတယ်။

ပုဒ်မ ၂ တွင် ဥပဒေကြမ်းအတွင်းမှာ ထည့်သွင်းသုံးစွဲထားသည့် အစိုးရအဖွဲ့၊ ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း၊ ခွင့်ပြုမိန့်၊ ကော်မတီ၊ အခွန်၊ အသင်း၊ ခွင့်ပြု မိန့်ရရှိပြီး ကျောက်မျက်ရတနာ အရိုင်းစသည့် စကားလုံးများ၏ အဓိပ္ပါယ်ဖော်ပြချက်၊ ရှင်းလင်းချက်များ ဖော်ပြပေးထားပါတယ်။

အခန်း (၂)မှာ လုပ်ငန်းလုပ်ပိုင်ခွင့်လျှောက်ထားခြင်း အကြောင်းကို ရှင်းလင်းဖော်ပြထားတာဖြစ်ပြီး ပုဒ်မ ၃နှင့် ပုဒ်မ ၄ ပုဒ်မနှစ်ခုထည့်သွင်းရေးဆွဲထားပါတယ်။ ပုဒ်မ ၃မှာ



သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး
ဒေါက်တာညီညီအောင်မှ ဥပဒေကြမ်းတင်သွင်းနေစဉ်

လုပ်ငန်း လုပ်လိုတဲ့သူက ပြည်နယ်အစိုးရအဖွဲ့ဆီမှာ လျှောက်ထားရန်ဖော်ပြ ထားပြီး ပုဒ်မ ၄ မှာ ပြည်နယ်အစိုးရကနေပြီး စိစစ်ပေးရန်နှင့် ခွင့်ပြုမိန့်ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန်၊ ထုတ်ပေးလျှင် ခွင့်ပြုမိန့် သက်တမ်းနှင့် အခွန်များ သတ်မှတ်ပေးရန်အတွက် ထည့်သွင်းရေးဆွဲထားတာဖြစ်ပါတယ်။

အခန်း (၃)မှာ စည်းကမ်းချက်များဖော်ပြထားပါတယ်။ ပုဒ်မ ၅ တစ်ခုတည်းဖြစ်ပါတယ်။ လုပ်ပိုင်ခွင့်ရတဲ့ သူက ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ စည်းကမ်းချက်များကို လိုက်နာဖို့ ဖြစ်ပါတယ်။ ထပ်ဆင့် ငှားရမ်း၍မရပါ။ သတ်မှတ်ထားသည့် အခွန်ကို ပေးဆောင်ရမှာ ဖြစ်ပါတယ်။ သက်တမ်းကုန်ဆုံးလျှင် သုံးလကြိုတင်ပြီး သက်တမ်း တိုးရန်အတွက် လျှောက်ထားရမှာဖြစ်ပါတယ်။ သက်တမ်း ကျော်လွန်နေသည့်အချိန်တွင် ဆက်လက်ဆောင်ရွက်ခြင်းကို ခွင့်မပြုပါ။ ရတနာအခွန်ဆောင်ပြီးသား ကျောက်မျက်အရိုင်းများကို အချောထည်လုပ်ရန်နှင့် ရတနာအခွန်မဆောင်ရသေးသည့် ကျောက်မျက်တွေကို ခွင့်မပြုရန်အတွက် ထည့်သွင်း ရေးဆွဲထားပါတယ်။

အခန်း(၄)မှာကြီးကြပ်ရေးကော်မတီအကြောင်းကို ထည့်သွင်းရေးဆွဲထားပြီး ပုဒ်မ ၆နှင့် ပုဒ်မ ၇ ပုဒ်မနှစ်ခု ပါဝင်ပါတယ်။ ပုဒ်မ ၆ မှာ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းပုံကို ထည့်သွင်းရေးဆွဲ ထားပါတယ်။ ပုဒ်မ ၇ မှာ ကော်မတီ၏လုပ်ငန်းတာဝန်များကိုဖော်ပြ ထားပါတယ်။ ကော်မတီကတော့ ကျောက်မျက်ရတနာ အချောထည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများရှိလျှင် အစိုးရအဖွဲ့ကို အကြံပြုရန်၊ တရားမဝင် ထုတ်လုပ်ခြင်း၊ တရားမဝင်တင်ပို့ ရောင်းချခြင်းများကို ကာကွယ်နိုင်ရေး၊ တားဆီးနိုင်ရေးအတွက် နည်းလမ်းကောင်းများရှိလျှင် အစိုးရအဖွဲ့ကို အကြံပြုရန်၊ အစိုးရအဖွဲ့ကနေပြီး စိစစ်ခိုင်းသည့် ကိစ္စများကို စိစစ်တင်ပြရန်၊ ခွင့်ပြုမိန့်ထုတ်ပေးရန်အတွက် လျှောက်ထားလာသည့် အခါတွင် ကော်မတီအစည်းအဝေးထိုင် စိစစ်ပြီး အစိုးရအဖွဲ့ကိုတင်ပြရန်၊ ရတနာအခွန်ပေးဆောင်ခြင်း မရှိတဲ့ ကျောက်မျက်အရိုင်းထည်များကို အချောထည်လုပ်မည့် ကိစ္စများကို စိစစ်ရန်နှင့်ကာကွယ်တားဆီးရန် ပြည်နယ်အစိုးရအဖွဲ့က အခါအားလျော်စွာ တာဝန်ပေးတာတွေကို ထမ်းဆောင်ရန် ဆိုပြီး ထည့်သွင်းရေးဆွဲထားပါတယ်။

အခန်း (၅)မှာ စီမံခန့်ခွဲရေးနည်းလမ်းများ အရေးယူဆောင်ရွက်ခြင်းအတွက် ပုဒ်မ ၈နှင့် ပုဒ်မ ၉ ပုဒ်မနှစ်ခုကို ထည့်သွင်း ရေးဆွဲထားပါတယ်။ အရေးယူ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ဒဏ်ငွေဆောင်ခြင်း နည်းလမ်း(၃)သွယ်နှင့် အရေးယူဖို့ရန်အတွက် ပုဒ်မ ၈ ကို ရေးဆွဲ ထားခြင်းဖြစ်ပြီး ပုဒ်မ ၉ မှာ သတ်မှတ်ထားသော ဒဏ်ငွေကို မဆောင်လျှင် တရားစွဲနိုင်ရန်အတွက် ထည့်သွင်းရေးဆွဲထားပါတယ်။



ပအိုဝ်းအမျိုးသမီးသမဂ္ဂအဖွဲ့မှ ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာခြင်း



မီဒီယာများမှ မီဒီယာခန်းတွင်လာရောက်သတင်းယူနေစဉ်

အခန်း (၆)မှာ ပြစ်မှုနှင့် ပြစ်ဒဏ်များဖြစ်ပြီး ပုဒ်မ ၆ ခု ထည့်သွင်းရေးဆွဲထားပါတယ်။ ပုဒ်မ ၁၀ မှ ပုဒ်မ ၁၅ ထိဖြစ်ပါတယ်။ ပုဒ်မ ၁၀ တွင် သက်တမ်းကျော်လွန်ပြီး လုပ်သည့်သူများကို အရေးယူရန်အတွက် ပြစ်မှု၊ ပြစ်ဒဏ်များကို ဖော်ပြထားပါတယ်။ ထောင်ဒဏ် ၆ လနှင့် ငွေဒဏ် တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး၊ ပုဒ်မ ၁၁ တွင် အပေါ်မှာ ဖော်ပြထားသည့်ဥပဒေများကို ဖောက်ဖျက်ကျူးလွန်လျှင် ထောင်ဒဏ် ၆ လ သို့မဟုတ် ငွေဒဏ် တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးဆိုပြီး ထည့်သွင်းရေးဆွဲထား ခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၂ တွင် ခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းလုပ်ကိုင် သူများကို အရေးယူရန်အတွက်ရေးဆွဲထားပြီး ထောင်ဒဏ် ၁ နှစ် အထိ ကျပ်တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး၊ ပုဒ်မ ၁၃ တွင် တရားမဝင်ကျောက်မျက်အရိုင်းများကို အချောထည်လုပ်မည် ဆိုလျှင် အရေးယူရန်အတွက် ထည့်သွင်းရေးဆွဲထားပြီး ထောင်ဒဏ် ၃ နှစ် သို့မဟုတ် ငွေဒဏ် ငါးသိန်း သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ဆိုပြီးရေးဆွဲ ထားပါတယ်။

ပုဒ်မ ၁၄ တွင် ကိုယ်တိုင်ကျူးလွန်တာမဟုတ်ဘဲ ကျူးလွန် ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်းပြုသည့် သူများကိုလည်းအလားတူ အရေးယူရန်အတွက်ထည့်သွင်းရေးဆွဲ ထားပါတယ်။ ပုဒ်မ ၁၅ တွင် အရေးယူရမည့်အပြင်-

(က) ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် ငွေကြေး ကို ပြည်သူ့ဘဏ္ဍာအဖြစ် မဖြစ်မနေ သိမ်းဆည်း ရန်နှင့်

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက် အဦ၊ ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် လိုအပ်လျှင် သိမ်းဆည်းရန် ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါတယ်။

နောက်ဆုံးအခန်း (၇) အထွေထွေတွင် ပုဒ်မ ၃ ခု ရေးဆွဲ ထားပါတယ်။ ပုဒ်မ ၁၆ တွင် တရားရုံးကို တင်ပို့သည့်အချိန်တွင် သက်သေခံ ပစ္စည်းအဖြစ် တရားရုံး ရှေ့မှောက်ကို တင်ပြဖို့ရာ မလွယ်ကူသည့် အခြေအနေမျိုးတွင် ထောက်ခံစာဖြင့် တင်ပြနိုင်အောင် ထည့်သွင်းရေးဆွဲ ထားပါတယ်။ ပုဒ်မ ၁၇ တွင် ဤဥပဒေ အရ ကျူးလွန်တာတွေကို ရဲအရေးပိုင်သည့် ဥပဒေအဖြစ် သတ်မှတ်ရန် ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပြီး ပုဒ်မ ၁၈ တွင် ဥပဒေ အရ လိုအပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဥပဒေနှင့် အညီ ပြည်နယ်အစိုးရက ထုတ်ပြန်နိုင်အောင် ထည့်သွင်း ရေးဆွဲထားခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေဟာဆိုလျှင် ရှမ်းပြည်နယ်၏ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း နှင့်ဆက်စပ်ပြီး ကျောက်မျက် အချောထည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ အများအပြားပေါ်ထွန်းလာရေး၊ အဲဒီကနေတစ်ဆင့်ဆက်နွယ်သည့် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးရေး၊ ရှမ်းပြည်နယ် ပြည်သူလူထု၏ အခွန်ဘဏ္ဍာ များကိုရရှိရေးစသည့်အချက်များနှင့် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက် ရေးကို တိုက်ရိုက်အထောက်အကူပြုမည့် ဥပဒေတစ်ရပ်ဖြစ်သည့်အပြင် ကျွန်တော်တို့ သယံဇာတ ကျောက်မျက်ရတနာနယ်မြေတွင် သယံဇာတလုပ်ကွက်များ ရယူပြီး ကျောက်မျက်အရိုင်းများ တူးဖော် ထုတ်လုပ် နေကြသည့်ကုမ္ပဏီများအတွက်လည်းပြည်တွင်းဈေးကွက် တစ်ခုကိုရရှိစေခြင်း၊ ခရီးသွားလုပ်ငန်းများကို တစ်ဖက် တစ်လမ်း ကနေ အထောက်အကူပြုခြင်းအားဖြင့် ဖွံ့ဖြိုး တိုးတက်ရေးကိုအထောက်အကူပြုခြင်းစသည့် သွယ်ဝိုက်တဲ့ အကျိုးကျေးဇူးများ လည်းရရှိစေနိုင်မှာဖြစ်သည့် အတွက် ဒီကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း)ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ကြီးများ အားလုံးက ဒီနေ့ရက်စွဲဖြင့် တင်သွင်းရန် အတွက် ဆုံးဖြတ် တင်သွင်းခြင်းဖြစ်ပါတယ်။

ဒါကြောင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄) ပုဒ်မ ၁၈၈ နှင့် အခန်း (၅) ပုဒ်မ ၂၅၅ တို့ကနေ ဖွင့်ဆိုထားသည့် ဇယား ၂ အမှတ်စဉ် ၄ (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုသည့် လုပ်ပိုင်ခွင့်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။

---

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှာ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ရေးရာကော်မတီ များ၌ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၇၀(က)နှင့် (ခ)တို့အရ အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များဖြင့် အစားထိုးပြောင်းလဲဖြည့်စွက်တာဝန် ပေးအပ်ခဲ့ပါသည်-

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးလင်းအောင်ဆွေ | နမ့်စန်-၁ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းစံထွန်း | ကွန်ဟိန်း-၁ | အဖွဲ့ဝင် |
| (၃) | ဦးစောမူးလာ | မိုင်းတုံ-၁ | အဖွဲ့ဝင် |
| (၄) | ဦးခင်မောင်ဝင်း | ညောင်ရွှေ-၁ | အဖွဲ့ဝင် |
| (၅) | ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင် | ကြည်း-၂၉၈၂၁ | အဖွဲ့ဝင် |
| (၆) | ဦးမင်းမင်းသိန်း | မဘိမ်း-၂ | အတွင်းရေးမှူး |

ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေး ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးခင်မောင်တင့် | တာချီလိတ်-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးဒါဝိဒ် | မိုင်းဆတ်-၂ | အဖွဲ့ဝင် |
| (၃) | ဦးတင်လှိုင် | နမ္မတူ-၁ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းမွန်းလိန် | မိုးနဲ-၁ | အဖွဲ့ဝင် |
| (၅) | ဦးရန်ကျော် | ဟိုပန်-၂ | အဖွဲ့ဝင် |
| (၆) | ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကို | ကြည်း-၁၉၀၃၅ | အဖွဲ့ဝင် |
| (၇) | ဒေါ်နန်းစမ်းစမ်းအေး | သီပေါ-၁ | အတွင်းရေးမှူး |

တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးစိုင်းလုံ | နမ့်စန်-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းမြင့်ထူး | မိုင်းရယ်-၁ | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းအောင်ခမ်း | မိုင်းပန်-၂ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းနောင့် | မိုင်းပန်-၁ | အဖွဲ့ဝင် |
| (၅) | ဦးခွန်မောင်ဖြူ | ဟိုပုံး-၁ | အဖွဲ့ဝင် |
| (၆) | ဦးအေးမောင် | နမ့်ခမ်း-၂ | အဖွဲ့ဝင် |
| (၇) | ဦးကျဲကဖော် | မက်မန်း-၂ | အဖွဲ့ဝင် |
| (၈) | ဒုတိယဗိုလ်မှူးကြီး ကျော်သူရ | ကြည်း-၂၉၈၁၄ | အဖွဲ့ဝင် |
| (၉) | ဦးခွန်သူရအောင် | တောင်ကြီး-၂ | အတွင်းရေးမှူး |

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၈. ၆. ၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း။




ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်မှ အစီရင်ခံစာဖတ်ကြားနေစဉ်

ယနေ့အစည်းအဝေး တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ တောင်သူလယ် သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးသန်းထိုက်မှ ကော်မတီ၏ တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်ချက်၊ လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ပါဝင်သော အစီရင်ခံစာကို ဖတ်ကြားတင်သွင်း သွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ် သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို ဖွဲ့စည်း တာဝန်ပေး အပ်ချိန်မှစ၍ လွှတ်တော်သက်တမ်း တစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ တောင်သူလယ်သမား၊ အလုပ်သမား နှင့် လူငယ်ရေးရာ ကော်မတီသို့ လွှဲပြောင်းပေးအပ်လာသော တင်ပြတိုင်ကြားစာ ၆၈ စောင်၊ ကော်မတီဥက္ကဋ္ဌသို့ တိုက်ရိုက် လိပ်မူပေးပို့လာသော တိုင်ကြားစာ ၉၁ စောင်၊ ကော်မတီသို့ မိတ္တူပေးပို့လာသော တိုင်ကြား စာ ၅၁ စောင်၊ ခိုင်လုံသည့် အထောက်အထား၊ အချက်အလက်များမပါရှိသည့် တိုင်ကြားစာ များ ၁၂ စောင်၊ ဆောင်ရွက်ရန်မလို သိရှိရန်သာပေးပို့သည့် တင်ပြ စာ ၈ စောင် စုစုပေါင်း ၂၃၀ စောင်ကို လက်ခံရရှိပါတယ်။ ရောက်ရှိလာသည့် တင်ပြ/တိုင်ကြားစာများအရေအတွက်ကို ကြည့်ခြင်း အားဖြင့် ပြည်နယ်အတွင်းရှိ ပြည်သူများမှ လွှတ်တော်အပေါ် ယုံကြည်အားကိုးမှုဖြင့် တင်ပြလာတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

ပြည်သူများထံမှ လယ်ယာမြေကိစ္စနှင့်စပ်လျဉ်း၍ တိုင်ကြားစာများအပေါ် လက်ခံရရှိကြောင်းနှင့်သင့်တော်သလို ဆောင်ရွက်ပေးသွားမည်ဟု တိုင်ကြားသူများထံ ပြန်ကြားခဲ့ပြီး ၎င်းတိုင်ကြားစာများနှင့်ပတ်သက်၍ ရေးရာကော်မတီ အနေဖြင့် အစည်းအဝေး ၈ကြိမ်ပြုလုပ်ခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမှုတွဲ ၁၀ခု ကို ၂၇-၁-၂၀၁၇ ရက်နေ့မှ ၃-၂-၂၀၁၇ ရက်နေ့အထိ နယ်မြေကွင်းဆင်းစိစစ်ခြင်းဆောင်ရွက်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့်အတူ လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြပြီး ပြည်နယ်လွှတ်တော်မှလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၅/၁၀-၂(၉)/ လွှတ်တော် (ရှမ်း)ဖြင့် ပေးပို့ထားပြီးလည်းဖြစ်ပါတယ်။



အစည်းအဝေးသို့ လာရောက်လေ့လာသူများအား တွေ့ရစဉ်

တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီသည် ပြည်သူများထံမှ လယ်ယာမြေကိစ္စနှင့်စပ်လျဉ်း၍ တိုင်ကြားစာများအပေါ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ အကြံပြု တင်ပြချက်အတိုင်း တိုင်ကြားစာပါ အချက်အလက်များ၏ အမှုတွဲ တစ်ခုချင်းစီကို လေ့လာ၍ မဖြစ်မနေဆောင်ရွက်ပေးသင့်သည့် ဦးစားပေးအဆင့်၊ သာမန်အဆင့် သို့မဟုတ် မှတ်တမ်းတင် ထားပြီးမှ နောက်မှဆောင်ရွက်ရန် အဆင့်များခွဲခြားထားပြီး အမှုနှင့် သက်ဆိုင်သည့် ရေးရာကော်မတီများကိုလည်း လွှဲပြောင်းပေးပို့ရန် စီစဉ်ဆောင်ရွက်နေပါတယ်။

ကော်မတီအနေဖြင့် ပြည်သူများမှတင်ပြလာသော တင်ပြ/ တိုင်ကြားစာများကို ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် အမှုတွဲ တစ်ခုချင်းစီမှ တိုင်ကြားစာပါ အချက်အလက်များကို သေချာ လေ့လာပြီးမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြလမ်းညွှန်မှုဖြင့် ဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်။

မိမိတို့ရေးရာကော်မတီများသည် လွှတ်တော်အငယ်စားများဖြစ်သည်နှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူလူထုများ၏ ယုံကြည်အားကိုးမှုကိုလည်း အတတ်နိုင်ဆုံးရရှိအောင် ဆောင်ရွက် နေကြသော ကော်မတီများလည်းဖြစ်ပါတယ်။

ကော်မတီ၏ ကွင်းဆင်းဆောင်ရွက်ချက်များကို ဖော်ဆောင်ရာတွင်လည်း ဘက်မလိုက်ဘဲမျှတမှန်ကန်စွာဖြင့် တင်ပြပြီး အမှုတွဲနှင့် ပတ်သက်သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို တွေ့ဆုံကြားနာစေခြင်း၊မြေပြင်ကွင်းဆင်းခြင်းများကိုလုပ်ဆောင်ပြီးမှ အစီရင်ခံစာအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခြင်းဖြစ်ပါတယ်။ သို့ပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပေးပို့လာသော သက်ဆိုင်ရာ ရေးရာကော်မတီများ၏ အမှုတွဲများကို မှန်မှန်ကန်ကန်နှင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ပူးပေါင်းဆောင်ရွက်မှုအပြင် သက်ဆိုင်ရာဒေသရှိ အာဏာပိုင်အဖွဲ့အစည်းများမှလည်း နားလည် မှုရှိရှိဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးကြပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။

တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီအနေနှင့် အကြောင်းအမျိုးမျိုးကြောင့် တင်ပြ/လွှဲပြောင်း ပေးပို့လာသော တိုင်ကြားစာများအားလုံးကို ပြည်နယ်လွှတ်တော်၏ ဆောင်ပုဒ်၊ ပြည်နယ်လွှတ်တော်မှ ပေးအပ်ထားသော တာဝန်၊ လုပ်ပိုင်ခွင့်များဖြင့် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပြီး ကျန်ရှိနေသေးသော အမှုတွဲများ၊ ထပ်မံရောက်ရှိလာသောတိုင်ကြားစာများကိုလည်း လွှတ်တော်ဥက္ကဋ္ဌထံသို့တင်ပြ လမ်းညွှန်မှုခံယူနိုင်ရေး ဆက်လက် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကော်မတီအနေဖြင့် လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြု ချက်များကို တင်ပြရမည်ဆိုလျှင် တောင်သူလယ်သမားများ၏ ဘဝအခြေအနေမှန်နှင့် မှီခိုအားထားရာ လယ်ယာစီးပွားရေး၏ အလားအလာမှာ ခေတ်ပြောင်း၊ စနစ်ပြောင်းတို့၏ သိသာသော ပြောင်းလဲမှု မရှိသေးပါ။ စပါးနှင့် အခြားသီးနှံစိုက်ပျိုးထုတ်လုပ် ကြသည့် တောင်သူလယ်သမားများ၏ အဓိကအခက်အခဲမှာ စိုက်ပျိုးရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်း၊ ထုတ်ကုန်ခိုင်မာသော ဈေးကွက်အာမခံချက် မရှိခြင်းတို့မှာလည်း အဓိကအကြောင်းအရင်းဖြစ်ပါတယ်။ လုပ်သလောက်အကျိုး မခံစားရသည့် လယ်ယာလုပ်ငန်းများကို လယ်သမားများမှစွန့်ခွာ လာကြပြီး လယ်ယာမြေများကို အခြားမြေများအဖြစ် ဝယ်ယူ အသုံးပြုလာ၍ စိုက်ပျိုးမြေများ လျော့နည်းလာပြီး တစ်ချိန်က စပါး အပါအဝင် အခြားသီးနှံများစိုက်ပျိုးထုတ်လုပ်ခဲ့ကြသည့် လယ်ယာမြေများမှာ ခေတ်ဆီဆိုင်၊ စားသောက်ဆိုင်များ ပေါ်ပေါက်လာတာ ကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း တိုးမြှင့်ထုတ်ချေးပေးနေပြီဖြစ်ရာ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ ၇ လက်မှတ်ရရှိထားမှသာ မိမိတို့ လယ်ယာမြေများကို အာမခံထား၍ လိုအပ်သော စိုက်ပျိုးစရိတ် အရင်းအနှီးများ ချေးယူစုဆောင်းနိုင်တဲ့ အခွင့်အလမ်းများရရှိမှာ ဖြစ်သောကြောင့် တောင်သူလယ်သမားများမှ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအတိုင်း လယ်ယာမြေလုပ်ပိုင်ခွင့်များကို ပိုမို လျှောက်ထားလာကြပြီဖြစ်ရာ လယ်ယာမြေလုပ်ပိုင်ခွင့်

လက်မှတ်များကို မှတ်ပုံတင်ပြုလုပ်ရာတွင် မလိုလားအပ်သော ကြန့်ကြာမှု မရှိစေဘဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေပါ ပြဋ္ဌာန်းချက်များ အတိုင်း ဆောင်ရွက်ပေးစေလိုပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူများမှာလည်း လိုက်နာ ရမည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိတို့ကို စိစစ်ရန်လိုအပ်ပြီး လက်ရှိအသုံးပြုခွင့်ရရှိထားသော လယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားရာတွင်လည်း သက်ဆိုင်ရာ ရပ်/ကျေး၊ မြို့နယ်၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီ ၏ လယ်ယာမြေနည်းဥပဒေအတိုင်း ကျင့်သုံးခြင်း ရှိ/မရှိတို့ကိုလည်း သေချာကြပ်မတ်သင့်ပြီး ဖော်ပြပါစည်းကမ်းချက် များ၊ ဥပဒေ၊ နည်းဥပဒေအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ခြင်း မရှိသူတို့ကိုလည်း တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသင့်ပါတယ်။

ဒေသအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် စိုက်ပျိုးရန် ကျန်ရှိသည့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများ၏ စိုက်ပျိုးမြေဧရိယာများကို သတ်မှတ်ကာလ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသည့် လယ်ယာမြေများ၊ မြေလွတ်၊ မြေရိုင်းနှင့် မြေလပ်များ စီမံခန့်ခွဲမှု ဗဟိုက လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးသူဦးရေ၊ ဧရိယာ၊ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ခြင်း ရှိ/မရှိတို့ကိုလည်း ပြန်လည်စိစစ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေအတိုင်း ဆောင်ရွက် သင့်ပါတယ်။ လယ်ယာမြေနှင့်အခြားနည်းဖြင့်အသုံးပြုရန် ခွင့်ပြုမိန့်၊ လယ်ယာမြေမှတစ်ပါး လယ်ယာမြေများကို အခြားနည်းဖြင့် လျှောက်ထားလာမှုများကို စနစ်တကျစိစစ်ပြီး စီးပွားရေးသမားများ၏ အမြတ်ထုတ်မှုကိုခံနေရသည့် တောင်သူလယ်သမားများအား အလေးထားဖေးမကူညီ ဆောင်ရွက်သင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုတိုက်တွန်းလိုက်ရပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက် ခဲ့သည်များကို ရှမ်းပြည်နယ်လွှတ်တော်သို့တင်ပြရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရငွေလျော့နည်းရခြင်းမှာ ယခင်က မြေအသုံးချမှု ပရီမီယံကြေးများ ကောက်ခံခဲ့သော်လည်း အစိုးရသစ် လက်ထက်တွင် ဘဏ္ဍာအခကြေးငွေကောက်ခံရေးဆိုင်ရာ ကိစ္စရပ်များကို ပယ်ဖျက်ဖြေလျှော့ပေးခဲ့ခြင်းများဖြစ်သည်ဟု တင်ပြခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှကောက်ခံခွင့်ရှိသော Royalty Fees အား ပယ်ဖျက်ခြင်း၏ ရည်ရွယ်ချက်ကိုကြည့်ခြင်း အားဖြင့်လည်း ကျေးလက်နေပြည်သူများ၏ ဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကထား ဆောင်ရွက်ခဲ့သည်မှာလည်း ပေါ်လွင်နေပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရငွေများ လျော့နည်း သွားခဲ့သော်လည်း လာမည့်ဘတ်ဂျက်ကာလများတွင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေကဏ္ဍ အဆင်မြှင့်တင်ရေး လုပ်ငန်းများ၊ တောင်သူလယ်သမားများ အနေဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိစေရေး ရည်ရွယ်၍ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းများ၊ စပါးသီးနှံများကို တိုးတက်အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ကျေးလက်နေပြည်သူများ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝင်ငွေတိုးပွားရေး အတွက် ကျေးလက် လမ်း၊ တံတား၊ မီးလင်းရေးနှင့် ရေပေးရေး လုပ်ငန်းများစသည်တို့ကိုလည်း အလေးထား ဖော်ဆောင်သွားမည်ကိုလည်းတွေ့ရှိရပါတယ်။ ဆက်လက်၍ ပြည်နယ်အစိုးရအနေဖြင့် မူဝါဒ၊ ရည်မှန်းချက် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်နိုင်ပါစေလို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆန္ဒပြုရင်း တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာအား နိဂုံးချုပ်တင်ပြအပ်ပါတယ်။

---

**ရှမ်းပြည်နယ်လွှတ်တော်၏ဦးတည်ချက် (Objectives)**

(၁) ဥပဒေပြုခြင်း၊

(၂) ကိုယ်စားပြုခြင်း၊

(၃) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊

(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေး ဆောင်ရွက်ခြင်း။

# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇) ကျင်းပ

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၇)ကို(၇. ၇. ၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၀၃)ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေး တွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။



ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဦးကြွယ်ကြွယ်မှ အစည်းအဝေးတက်ရောက်နေစဉ်




ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူး၊ ဒေါ်အယ်လ်နန်းခမ်းမှ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေစဉ်



အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မှ ကတိသစ္စာပြုနေစဉ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ကိုယ်စားလှယ်များတက်ရောက်မှု အခြေအနေအား စိစစ်နေစဉ်



အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားနေစဉ်။




## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ နှုတ်ခွန်းဆက်စကားပြောကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၇)ကို တက်ရောက် လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် ယခုလိုတိုတောင်းတဲ့ အချိန်ကာလအတွင်းမှာ ဖိတ်ကြားနိုင်ခဲ့ပြီး အစည်းအဝေးသို့ အချိန်မီ တက်ရောက်လာနိုင်ကြတဲ့အတွက် ဂုဏ်ယူဝမ်းမြောက် မိပါကြောင်းနဲ့ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒီဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ အရေးပေါ် အစည်းအဝေး ခေါ်ယူတာ နှစ်ကြိမ်ရှိပြီဖြစ်ပါတယ်။ အမှန်ကတော့ အရေးပေါ်အစည်းအဝေးဆိုတာ တစ်ကယ်လိုအပ်မှသာလျှင် ခေါ်ယူရမဲ့အစည်းအဝေးဖြစ်ပါတယ်။ အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများ ခေါ်ယူခြင်းနှင့် စပ်လျဉ်းပြီး (၂၀၁၃) ခုနှစ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၂ မှာ လွှတ်တော်အစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်တယ်လို့ ပုဒ်မ ၃၃ မှာ ပြဋ္ဌာန်းထားသလို၊ ပုဒ်မ ၃၃ မှာလည်းပဲ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် ဥက္ကဋ္ဌက အထူးအစည်းအဝေး ကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကို ဖြစ်စေ၊ အမြန်ဆုံး ခေါ်ယူကျင်းပပေးနိုင်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အသစ်ခန့်အပ်တဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာ ပြုနိုင်ရေးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အတည်ပြုခန့်အပ် နိုင်ရေးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဒီအရေးပေါ် အစည်းအဝေးကို ခေါ်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ (၃-၇-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၇၄၁၂/ ၅-၁၁၂ / အစရ(ရှမ်း)ဖြင့် ညှိနှိုင်းလာပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၈ နှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယခုလိုအရေးပေါ် အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဇွန်လမှာ ကျင်းပခဲ့တဲ့ ဆဋ္ဌမပုံမှန် အစည်းအဝေးနဲ့ ယခုကျင်းပတဲ့ အရေးပေါ်အစည်းအဝေး ကာလအတွင်းမှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အချို့က ကြယ်ပွင့်ပြမေးခွန်းများ ပေးပို့ထားတာ ရှိပါတယ်။ အစိုးရအဖွဲ့က ဖြေကြားပြီးဖြစ်တဲ့ မေးခွန်း(၅)ခုအတွက် မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဒီအရေးပေါ် အစည်းအဝေး ကာလမှာ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီက တွေ့ရှိချက်နှင့် အကြံပြုချက်များပါသော အစီရင်ခံစာကို လွှတ်တော်ရုံးသို့ ပေးပို့ထားပြီးဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ လွှတ်တော်ကိုယ်စားလှယ်များထံမှ ဆွေးနွေး လိုသောအချက်များရှိပါက

(၇-၇-၂၀၁၇)ရက်နေ့ အမှန်တော့ ဒီကနေ့ဖြစ်ပါတယ်။ နောက်ဆုံးထားပြီး ပေးပို့ကြရန်လည်း ကြေညာထားပြီးဖြစ်တဲ့အတွက် ယင်းဥပဒေကြမ်းကို နောင်ကျင်းပမယ့် ပုံမှန်အစည်းအဝေးမှာပဲ ဆွေးနွေးအတည်ပြုနိုင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီအရေးပေါ်အစည်းအဝေးမှာ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းများကို မဆောင်ရွက်နိုင်သော်လည်းလာမယ့် ပုံမှန်အစည်းအဝေးမှာ ဆောင်ရွက်နိုင်ဖို့ ယခုကတည်းကပင် မေးခွန်းများ၊ အဆိုများပေးပို့ ကြစေလိုပါတယ်။ အထူးသဖြင့် ဥပဒေကြမ်းအသစ်နဲ့ အတည်ပြု ပြီးဖြစ်တဲ့ ဥပဒေများနှင့် စပ်လျဉ်းတဲ့ နည်းဥပဒေများကိုလည်းရေးဆွဲ ပေးပို့နိုင်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီအရေးပေါ်အစည်းအဝေးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ညှိနှိုင်းချက်အရ ခေါ်ယူရတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြည်နယ်အစိုးရအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်အချို့ပါ အစည်းအဝေးသို့ စုံလင်စွာ မတက်ရောက်နိုင်တာကို တွေ့ရှိရပါတယ်။ ဒါကလည်း တိုတောင်းတဲ့အချိန်တွင်းမှာ ရုတ်တရက် အစည်းအဝေး ခေါ်ယူခြင်း၊ အခြားအစီအမံနှင့် အစီအစဉ်များကို ကြိုတင်မသိရှိနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း မှတ်ယူရမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ သီးခြားစီဖြစ်နေသော်လည်း ပူးပေါင်းဆောင်ရွက်ရမည့် အနေအထားရှိမှ ဒီမိုကရေစီစနစ်ကို ပီပြင်စွာ ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွေမှာ အစိုးရအဖွဲ့ကလည်း လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ အတွက် လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း ညှိညှိနှိုင်းနှိုင်းဖြင့် ကိုယ့်တာဝန်မခွဲခြားဘဲနဲ့ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီအစည်းအဝေးဟာ အရေးပေါ်အစည်းအဝေးဖြစ်ပါတယ်။ အစည်းအဝေးခေါ်ယူရခြင်းရဲ့ ရည်ရွယ်ချက်ကို မဏ္ဍိုင်အဖြစ်ဆောင်ရွက်တာဖြစ်တဲ့အတွက် အခြားကိစ္စရပ်များကို အလေးပေး မဆောင်ရွက်နိုင်တာကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နားလည်စေလိုပါတယ်။ နိဂုံးချုပ်အားဖြင့် ယခုလို လွှတ်တော် အစည်းအဝေးကို မြန်မြန်ဆန်ဆန် ခေါ်ယူပြီး တစ်ဆက်တည်း ကျင်းပတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မပျက်မကွက် တက်ရောက်တဲ့အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ လွှတ်တော်ခိုင်မာရေး အတွက် တည်ဆောက်ကြရာမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စိတ်ဓါတ်ကောင်းမွန် မှန်ကန်ရေး၊ ဒီမိုကရေစီကျင့်စဉ်များကို စနစ်တကျ ကျင့်သုံးရေးနှင့် တိုင်းရင်းသားပြည်သူများရဲ့ ပြဿနာကို သိရှိ နားလည်ပြီးတော့မှ ၎င်းတို့ကို ကိုယ်စားပြုတဲ့အတွက် ဒါဟာ အရေးကြီးပါတယ်။ ယနေ့ကျင်းပတဲ့ အရေးပေါ်အစည်းအဝေးကြီး အထမြောက် အောင်မြင်လာအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရင်း လွှတ်တော်လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြပါစို့။ မကြာမီကျင်းပမည့် လွှတ်တော်အစည်းအဝေးများမှာ ယခုထက် ပြည့်ပြည့်စုံစုံ တက်ရောက်နိုင်ကြပြီး ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ဆုံတွေ့ကြပါစို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇)တွင် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့၏ ကြယ်ပွင့်ပြ မေးခွန်း၅ခု မေးမြန်းခြင်း၊ ဖြေကြားခြင်း။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဦးစိုင်းလုံကျော်မှ ကြယ်ပွင့်ပြမေးခွန်းအားဖြေကြားနေစဉ်



လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဒေါ်နန်းမြထွေးမှ ကြယ်ပွင့်ပြမေးခွန်းအားမေးမြန်းနေစဉ်

## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လေ့လာရေး ခရီးစဉ်

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ခေါင်းဆောင်သော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့် ယူနန်ပြည်နယ်၊ ပြည်သူ့ကွန်ကရက်၏ ဖိတ်ကြားချက်အရ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့နှင့် ပေကျင်းမြို့များသို့(၁၇-၆-၂၀၁၇) ရက်နေ့မှ(၂၄-၆-၂၀၁၇)ရက်နေ့အထိ အောက်ပါပုဂ္ဂိုလ်များ သွားရောက်လေ့လာခဲ့ကြပါသည်-

| | | |
|---|---|---|
| (က) | ဦးစဝ်အောင်မြတ် | ဒုတိယဥက္ကဋ္ဌ |
| (ခ) | ဦးခွန်ရဲထွေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (ဂ) | ဒေါက်တာညီညီအောင် | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး |
| (ဃ) | ဦးစိုင်းစွံဆိုင်း | စည်ပင်သာယာရေးဝန်ကြီး |
| (င) | ဦးဝေစန်း | ကုန်းကြမ်း(၁) |
| (စ) | ဦးခွန်မောင်ဖြူ | ဟိုပုံ(၁) |
| (ဆ) | ဦးသိန်းဇော် | မန်တုံ(၁) |
| (ဇ) | ဦးစိုင်းခမ်းမြတ် | တန့်ယန်း(၂) |
| (ဈ) | ဦးစိုင်းဝန်းဆမ် | မိုင်းခတ် (၁) |
| (ည) | ဦးအန်းဂျေလို | ဖယ်ခုံ(၂) |
| (ဋ) | ဦးအောင်မင်း | ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန |
| (ဌ) | ဦးမျိုးမင်းထွန်း | ဦးစီးအရာရှိ ရှမ်းပြည်နယ်လွှတ်တော်ရုံး |

ဒီမိုကရေစီဖော်ဆောင်ရေး
လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အမှတ်တရမှတ်တမ်းဓာတ်ပုံ



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပေးအပ်သည့်မှတ်တမ်းဓာတ်ပုံ



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည့် မှတ်တမ်းဓာတ်ပုံ

# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ် မှတ်တမ်းဓါတ်ပုံ















## ရှမ်းပြည်နယ်လွှတ်တော်၏ မျှော်မှန်းချက်( Vision )

ရှမ်းပြည်နယ်သူ/သားတို့၏တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရေး၊ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ပွင့်လင်းမြင်သာစွာဖြင့် ဖော်ဆောင်ပေးနိုင်မည့် လွှတ်တော်တစ်ရပ် ဖြစ်လာစေရန် ဖြစ်ပါသည်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးပြောင်းလဲတာဝန်ပေးအပ်သည့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်သွင်းခြင်း။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဦးစိုင်းလုံကျော်မှ အဆိုပြုတင်သွင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၇)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးပြောင်းလဲတာဝန်ပေးအပ်သည့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဦးစိုင်းလုံကျော်မှ ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်သွင်းခဲ့ရာ လွှတ်တော်ကသဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခံရသူ ကြည်း - ၂၃၉၁၁၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်မှ ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

## ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ နှစ် (၇၀)ပြည့် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် လွမ်းသူ့ပန်းခွေချ ဆုတောင်းခြင်းနှင့် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ် အခမ်းအနားတက်ရောက်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဦးစိုင်းလုံးဆိုင်က အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်စဉ်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဦးစိုင်းလုံးဆိုင်က အာဇာနည်နေ့ အခမ်းအနားတွင် လွမ်းသူ့ပန်းခွေချနေစဉ်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဦးစိုင်းလုံးဆိုင်က အာဇာနည်နေ့တွင် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုဆက်ကပ်နေစဉ်

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မြို့နယ်လုံးကျွတ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၂၁-၇-၂၀၁၇)ရက်နေ့တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မြို့နယ်လုံးကျွတ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကာ လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်းခဲ့ပါသည်။



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်မှ လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်လှူဒါန်းနေစဉ်

(၂၃-၇-၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ခမ်းအနားသို့ တက်ရောက်၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့သည်။



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်မှ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းနေစဉ်

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဦးစိုင်းလုံးဆိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၂၆-၆-၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မူးယစ်ဆေးဝါးများကို စက်ခလုပ်နှိပ် မီးရှို့ဖျက်ဆီးခဲ့ပါသည်။



ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့မှ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ် မီးရှို့ဖျက်ဆီးနေစဉ်

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၂-၈-၂၀၁၇)ရက်နေ့တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျင်းပသော ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေးစီမံကိန်း၊ မြို့နယ်အဆင့်သက်ဆိုင်သူ အဖွဲ့အစည်းပေါင်းစုံ ပါဝင်သော သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အမှာစကားပြောကြားခဲ့ပါသည်။



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်မှ အခမ်းအနားတွင် အမှာစကားပြောကြားနေစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံများ



ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမြင့်လွင်မှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား/ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းနေစဉ်



သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်နန်းခင်ထားရီမှ ရာဘာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာဘာလုပ်ငန်းဥပဒေကြမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည့် မှတ်တမ်းဓါတ်ပုံ



လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစိုင်းကျော်ဇေယျမှ ဝမ်ဖိုင်ကျေးရွာအုပ်စု၊ ဝမ်ယိမ်းကျေးရွာအုပ်စုများသို့ ဒေသဖွံ့ဖြိုးရေးကွင်းဆင်းနေစဉ်



ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်မေရီရှို့မှ အမေရိကသို့ သွားရောက်လေ့လာသည့် မှတ်တမ်းဓါတ်ပုံ



ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်မေရီရှို့မှ အမေရိကသို့ သွားရောက်လေ့လာသည့် မှတ်တမ်းဓါတ်ပုံ




ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်မေရီရှို့မှ အမေရိကသို့ သွားရောက်လေ့လာသည့် မှတ်တမ်းဓါတ်ပုံ

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံများ



နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဦးလင်းအောင်ဆွေမှ နမ့်စန်မြို့နယ် ဟိုက်ဖတ် ကျေးရွာအုပ်စု လျှပ်စစ်မီးလင်းရေး ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးစဉ်



နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဦးလင်းအောင်ဆွေမှ သစ်ထုတ်လုပ်ရေးနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်နေစဉ်



မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဒါဝိဒ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းလုပ်ငန်းများ လျာထားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်



မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစိုင်းလှိုင်ခမ်းမှ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်စဉ်



ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအေးမင်းစိုးမှ ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့လှူဒါန်းနေစဉ်



မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်ရီရီဝင်းမှ စည်ပင်သာယာရေး ကော်မတီနှင့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက် လျာထားချက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်နေစဉ်

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဌ ဦးကျောက်တယ်ချန် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဌ ဦးကျောက်တယ်ချန်သည် (၂. ၇. ၂၀၁၇)ရက်နေ့တွင် လောက်ကိုင်မြို့နယ်၊ ထင်ပါကျိုင်းကျေးရွာအုပ်စု၊ လော်တုံကူးကျေးရွာရှိ ကလေးငယ်များအား ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းနှင့် အားဆေး တိုက်ကျွေးခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး၊ (၃. ၇. ၂၀၁၇)ရက်နေ့တွင် လောက်ကိုင်မြို့၌ကျင်းပပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုး ပွဲတော်အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ နှင့်အတူ ပူးပေါင်းပါဝင် စိုက်ပျိုးခဲ့ပါသည်။





၄င်းနောက် (၁၉. ၇. ၂၀၁၇)ရက်နေ့တွင် လောက်ကိုင် ခရိုင်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ခံယူလျက် ရှိသော ပြည်သူများအား ကြည့်ရှုအားပေးစကားပြောကြား ခဲ့ပြီး၊ ဆေးရုံဝန်းအတွင်း ကျန်းမာရေးဝန်ကြီးဌာန ဘတ်ဂျက်ဖြင့် ဆောက်လုပ်ထားသည့် အဆောက်အဦများအား လှည့်လည်ကြည့်ရှုခဲ့ပါသည်။

ထို့နောက် (၂၉. ၇. ၂၀၁၇)ရက်နေ့တွင် ကိုးကန့်ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းဖြစ်ပွားခဲ့သည့် တိုက်ပွဲများ ကြောင့် ပျက်စီးသွားသည့် နေအိမ်များ ပြန်လည်ပြုပြင်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် အမိုးသွပ်ပြားများအား ဒေသခံပြည်သူများသို့ ဆက်လက်ဖြန့်ဝေခဲ့ပါသည်။

(၁. ၈. ၂၀၁၇)ရက်နေ့တွင် လောက်ကိုင်ခရိုင်လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လောက်ကိုင်-ချင်းရွှေဟော်လမ်း ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပါသည်။







**ရှမ်းပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ရန် တာဝန်( Mission )**

ပြည်သူလူထု၏ လတ်တလောနှင့် ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေများ ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲပြဋ္ဌာန်းပြီးသော ဥပဒေများသည် ပြည်နယ်သူ/ပြည်နယ်သားများအတွက် အမှန်တကယ်အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းရှိ/မရှိ၊ လက်တွေ့အကောင်အထည်ဖေါ်ဆောင်ရွက်နေသော အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအား ထိန်းညှိခြင်းနှင့် ပြည်သူ၏ဆန္ဒလိုအပ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖေါ်ရေးအတွက် ပြည်သူများနှင့် အပြန်အလှန်ပိုမိုထိတွေ့ရင်းနှီးမှုများ ရရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ထုတ်ဝေသူ-ဒေါ်ခင်သီတာ(ပ/၃၇၃၀)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲ(၂) စု(၁၀)၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ထုတ်ဝေသည့်စောင်ရေ (၂၅၀)